# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အမိန့်အမှတ် ၁၀၈ /၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ဓာတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ဓာတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိခဲ့သည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay At Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်းနှင့် လိုက်နာရမည့်စည်းကမ်းချက်များကို ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/ ၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအမိန့်၏ အပိုဒ် ၃ အပိုဒ်ခွဲ (က)ပါ မိမိနေအိမ်တွင်သာနေထိုင်ရန် စည်းကမ်းချက်မှ ခြွင်းချက်ဖြင့် ခွင့်ပြုသူများတွင် အောက်ပါလုပ်ငန်းများမှ ဝန်ထမ်းများကို ဖြည့်စွက်လိုက်သည် -

(က) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်းထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများ၊

(ခ) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများ၊

(ဂ) ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် နိုင်ငံတကာမှ ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port)မှ ဝန်ထမ်းများ၊

(ဃ) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်းဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## Republic of the Union of Myanmar
## Ministry of Health and Sports
## Order 108/2020

6th Waxing of Tawthalin, 1382 ME
(22 September 2020)

The Ministry of Health and Sports has issued this order in the exercise of power conferred under section 21 (b) of the Prevention and Control of Communicable Diseases Law.

1. Due to the higher number of confirmed infections of Coronavirus Disease 2019 (COVID-19), and the immediate increasing cases who had neither travel history nor close contact with positive patients, the Ministry of Health and Sports has already issued Order 107/2020 dated 20-9-2020 for the Stay-at-Home rule and disciplines for the people in all the townships (except Cocogyun Township) of Yangon Region for effective containment of pandemic.

2. Employees under the following businesses are added to the exceptional categories from the Stay-at-Home rule in the paragraph 3 (a) of the previous order.

(a) In private sector, those who are working in banking and financial services, filling stations, food production, cold-storage facilities for meat and fish, production and distribution of medicines, medical supplies and drinking water, factories of daily personal hygiene products and related businesses.

(b) Those who are working at airlines/general aviation services for relief flights, cargo flights and chartered flights, ground services, filling aviation fuels, trades in air transport, freight forwarder companies, Customs services agencies, in-flight catering services and airplane maintenance services.

(c) Those who are working at private-run ports which are providing services for international cargo vessels at the International Terminals in Yangon Port, representative offices of shipping lines, freight forwarder companies, Customs services agencies, container-carrying vehicles services, trucks for export/import goods at the ports, vessels, inland container deports and dry ports.

(d) Those who are working in communications businesses such as post office services, landline and mobile phone communications services, Internet services (not including the vendors selling mobile phones and Internet data), and services for communication towers and fibre networks.

*Dr Myint Htwe*
*Union Minister*